ရွှေစကား
၀၇၆၂



# မြသန္တာ

## နလုံးသားသော့အိမ်

ဇွန်လ ၆ ရက်နေ့ …

သဲသဲမဲမဲ ရွာသွန်းနေသော မိုးရေများ နှင့် လျှပ်ရောင်တလက်လက်တို့ က ဖွင့်ထားသော ပြတင်းပေါက်မှ တစ်ဆင့် ဒေါသတကြီး တိုးဝင်လာလေသည် ။ ခန်းစည်းစ၏ တဖျတ်ဖျတ်နှင့် အော်ဟစ်ရုန်းကန်သံတို့က အိပ်ခန်းအတွင်း ဆူညံသွား၏။

ရုတ်တရက် အိပ်ရာမှ လန့်နိုးလာသည် ။

မိုးတွင်းမှာ တံခါးမပိတ်ဘဲ အိပ်မိ၍ စာကြည့်စားပွဲ ကို မိုးစိုသွားမှာ စိုးရိမ်သဖြင့် ကပျာကယာ အိပ်ရာမှ ထလိုက်စဉ် ခေါင်းက မိုက်ခနဲ ဖြစ်သွားသည် ။

သို့ရာတွင် ပြတင်းပေါက်မှ ဝင်လာသော မိုးသက်လေမုန်တိုင်းက တဟဲဟဲမြည်လျက် သူ၏ မျက်နှာနှင့် ညအိပ်ဝတ်အင်္ကျီတို့ ကို ပက်ဖြန်းကာ အေးမြလန်းဆန်း၍ သွားလေပြီ။

ပြတင်းပေါက်နှင့်ကပ်လျက်ထားထားသော ကုလားထိုင်နှင့် စားပွဲခုံ အစွန်းလေးတို့ ရွဲရွဲစိုသွားသည် ။

အဘွားသိလျှင် ပြတင်းပေါက်ပိတ်မအိပ်ဘဲ နမော်နမဲ့နိုင်သော ကြည်နူးကို ဆူတော့မည်ဟူသော အသိလေးဖြင့် မီးခလုတ်ကို ဖွင့်လိုက်စဉ် လုံခြုံနွေးထွေးမှုကို ခံစားလိုက်ရသည် ။

အိပ်ရာခြေရင်းမှ ခြေသုတ်ဝတ်ကိုယူကာ ကုလားထိုင်နှင့် ကြမ်းပြင်ကို ကပျာကယာ သုတ်လိုက်၏ ပါလစ်တင်ထားသော ကြမ်းပြင်ကိုပါ

တစ်ဆက်တည်း ပွတ်တိုက်ရင်းက … အေးစိမ့်စိမ့်လေးဖြစ်လာသည် ။

ရုတ်တရက်မို့ အမှတ်တမဲ့နှင့် လှုပ်ရှားလိုက်သောကြောင့် ကြောက်ရွံ့အားငယ်ခြင်း မရှိသော်လည်း ရေများ သုတ်ပြီးသောအခါ ခါးဆန့်၍ အိပ်ခန်းပတ်ပတ်လည်ကို ကြည့်မိလိုက်သည် ။

အဝတ်တန်းမှာ ချိတ်ဆွဲထားသော အနွေးအင်္ကျီ မျက်နှာသုတ်ပဝါနှင့် အောက်တန်းမှ ထဘီတစ်ထည်တို့ သာလျှင် ရှိနေပြီး အိပ်ခန်းအတွင်းသို့ နေ့စဉ်မပျက် သန့်ရှင်းရေးဝင်နေသော ဘွားဘွားကြောင့် မိမိ၏ အိပ်ခန်းလေး ရှင်းသန့်နေခြင်းဖြစ်သည် ။

ပြန်၍ အိပ်မပျော်ဘဲ ယောင်လည်လည်ဖြစ်ကာ စာကြည့်စားပွဲမှာ ထိုင်လိုက်သည် ။

အသက်ဆယ့်ငါးနှစ်အရွယ် ကိုးတန်းကျောင်းသူတစ်ဦးအတွက် ဒီအချိန်သည် အကောင်းဆုံးသော အိပ်ချိန်ဖြစ်သည် ။ ခါတိုင်း ညဆယ်နာရီ စာကျက်ပြီးသည် နှင့် အိပ်ပျော်သွားသော်လည်း တစ်ရေးနိုးပြီးလျှင်တော့ ပြန်အိပ်မပျော်နိုင်တော့ပေ။

ကြာပြီ … ကိုးတန်းနှစ်ဦးပိုင်း မိုးအစမှာ တည်းက နိုးပြီး ပြန်အိပ်မရတာ ဘာကြောင့်လဲ၊ အိပ်မပျော်သောညကို အလိုလို စိုးရွံ့ထိတ်လန့်မိလာသည် ။ အိပ်ခန်းတွင်းမှာ အထီးကျန်အိပ်စက်နေရခြင်းကို ရွံ့ရှာမုန်းတီးလာမိသည် ။

လွန်ခဲ့သော သုံးနှစ်ခန့်ကစပြီး နိုင်ငံခြားသို့ ထွက်သွားသော ဖခင်မရှိတော့သည့်အချိန်မှ စ၍ ကိုယ့်ကိုယ်ကို အထီးကျန်ဆန်သွားသလိုပင်၊ ဘာပဲဖြစ်ဖြစ် ဖေကြီးရှိစဉ်တုန်းက လုံခြုံသလို ခံစားရသည် ။ ဖေကြီးထွက်သွားပြီးကတည်းက အိပ်ရာဝင်ချိန်တိုင်း လွတ်ဟာနေသလို ခံစားလိုက်ရသည် ။ ထို့ကြောင့် နောက်ကျခံ၍ အိပ်ရာဝင်ခါနီး တီဗွီဇာတ်လမ်း

များကို မျက်စိညောင်းအောင်ကြည့်ပြီးမှ အိပ်ခဲ့တာ နှစ်နှစ်ခြိုက်ခြိုက်ရှိခဲ့သည် ။

ဒီနှစ်မှာ တော့ ဆယ်နာရီခွဲ ဆယ့်တစ်နာရီ အိပ်ရာဝင်လည်း အိပ်မပျော်၊ တစ်ခါတစ်ရံ တစ်ရေးနိုးနေတတ်ပြီး အိပ်မပျော်တော့ပေ။ မိုးလင်းခါနီးမှ မှေးခနဲအိပ်ပျော်သွားခဲ့၏။

"ဖေကြီးရယ် နိုင်ငံခြားမှာ စီးပွားရှာနေတာ ငွေကအရေးကြီးသလား ၊ သမီးက အရေးကြီးသလား"

အထီးကျန်နေရခြင်းကို မကျေနပ်သဖြင့် တတွတ်တွတ် ရေရွတ်နေမိသည် ။ ဒီစကားကိုပဲ အထပ်ထပ် ရေရွတ်သလို ဖေကြီးထံ ရေးသောစာများ တွင် လည်း ရန်တွေ့သံက အမြဲပါနေသည် ။

"ဖေကြီးကို မကျေနပ်ဘူး၊ နိုင်ငံခြားကို ပို့လွှတ်လိုက်တဲ့ ဖိုးတို့ ကိုလည်း မကျေနပ်ဘူး"

တကယ်ဆို ဒီသားလေး တစ်ယောက်ပဲရှိတာကို မကျွေးထားနိုင်ဘူးလား။ ဒီမြေးကိုလည်း မကျွေးထားနိုင်ဘူးလား။ ဘယ်လောက်ကုန်ကျလို့ လဲ ဖိုးရယ် ဖေကြီးကို ပြန်ခေါ်ပေးပါ။ မီးလေ အားလုံးခြွေတာခြိုးခြံပြီး နေပါ့မယ်။ ထမင်းလည်း များများ မစားပါဘူး၊ မုန့်လည်း မစားတော့ပါဘူး၊ မီးလေ ဖေကြီးနဲ့ ပဲ နေပါရစေနော် ...

သက်ပြင်းရှည်ကြီးချလိုက်ပြီး အံဆွဲထဲမှာ ထည့်ထားသည့် ဖခင်၏ စာများကို ဆွဲထုတ်၍ ကြည့်လိုက်သည် ။ နောက်ဆုံးစာလေး၊ မေလ ၂၀ ရက်နေ့က ရောက်လာသော စာလေးတစ်စောင် ...။

"သမီးလေးကြည်နူး ၈ တန်းစာမေးပွဲအောင်လို့ ဖေကြီး သိပ်ဂုဏ်ယူပါတယ်၊ သမီးလေးက စာတော်တယ်နော် တစ်နှစ်တစ်တန်း မှန်မှန်

အောင်တယ်၊ ဖေကြီးဆိုရင် ၈ တန်းတည်းက စကျတာ၊ ရှစ်တန်း ၂-တန်း၊ ကိုးတန်း ၂-တန်း၊ ဆယ်တန်း ခုနှစ်နှစ်နေနေရတာ၊ ကြာတော့ ဖြေရတာ စိတ်မရှည်တော့လို့ မဖြေတော့ဘဲ မိန်းမယူပစ်လိုက်ရော၊ ပြီးတော့ ချစ်သမီးလေးကို မွေးလိုက်ရော၊ ကလေးထိန်း အားယားကိုကိုဘွဲ့ကို ယူလိုက်တာပေ့ါ၊ ဘာရမလဲ  သမီးလေးက ဖေကြီးကို ခွဲထားခဲ့လို့ အမြဲအပြစ်တင် နေတာပဲလား၊ ဖေ့သမီးလေး အဖော်မဲ့နေရင်သမီးနဲ့ အဖော်ရအောင်လို့ ပင်ဒါလေးပို့လိုက်တယ်၊ ပင်ဒါလေးက အဖြူနဲ့ အမည်းရောင်လေးတွေရှိတယ်၊ သိပ်အပြစ်ကင်းစင်တဲ့ ဝက်ဝံမျိုးပေ့ါ၊ အသီးအရွက်ပဲစားတော့ စိတ်ထားလည်း နူးညံ့သိမ်မွေ့တယ်လေ၊ ဘယ်သူ့ကိုမှ အန္တရာယ်မပြုဘူး၊ နူးညံ့ပြီးအေးချမ်းတဲ့ အကောင်လေးတွေမို့ လူတိုင်းက ချစ်ကြတယ်၊ သမီးလေးလည်း ပင်ဒါလေးလိုပဲနေနော်၊ ဒါဆို လူတိုင်းက ချစ်မှာ ပါ ...

ချစ်ဖေကြီး ခေတ္တ-တိုကျို

ဖေကြီးရဲ့ နောက်ဆုံးပို့လိုက်သော စာနှင့်အတူ ပင်ဒါဝက်ဝံလေးကို အိပ်ရာဝင် ထွေးပိုက်ထားမိသည် ။

သမီးတစ်ယောက်တည်းနေရတာကို ဖေကြီးသိနေတယ်မို့လား၊ ဒါကြောင့် ပင်ဒါဝက်ဝံလေးကို အဖော်အနေနဲ့ ပို့ပေးလိုက်တာနော်၊ ကျေးဇူးတင်ပါတယ် ဖေကြီးရယ်။

ဖေဖေပို့ထားသော ပင်ဒါဝက်ဝံလေးကို ထွေးပိုက်ရင်းက ရင်ထဲမှာ တိုးဖွဖွလေး ညည်းလိုက်သည် ။

တစ်ဦးတည်းရှိနေသော အချိန်များ အတွက် အရုပ်ကလေးများ နှင့် ကစားရင်း စကားပြောရင်းနှင့် အထီးကျန်မဖြစ်အောင်နေတတ်သောအကျင့်က အလိုလိုရ လာလေသည် ။

ဒီနေ့အိပ်မပျော်ဘူး မနေ့ကလည်း အိပ်မပျော်၊ ဖေကြီးကို ထူးထူးခြားခြား သတိရနေမိသည် ။ ဘွားဘွားလည်း မရှိဘူး၊ ဘိုးဘိုးလည်း မရှိဘူး၊ မနေ့ညနေက ဆွေမျိုးတစ်ယောက် နေမကောင်းလို့ ထွက်သွားတာဟာ အဲဒီလောက်တောင် ကြာရသလား။ တစ်ခါမှ ညအိပ်ကို မနေဖူးပါဘူး၊ ကြည့်စမ်း ညတစ်နာရီရှိပြီ။ နောက်နေ့မှ ပြန်လာတော့မယ် ထင်ပါရဲ့ ။ အဲဒီလောက်တောင် အရေးကြီးနေလား၊ တကယ်ဆိုရင် အိမ်မှာ တစ်ယောက်တည်းထားခဲ့တယ် ဖေကြီးရယ် ...

ဒေါ်ကြီးစိန်က ဘာမှ အားမကိုးရဘူး၊ တစ်နေ့လုံး ပင်ပန်းထားတော့ တရှူးရှူးနဲ့ အိပ်နေပြီပဲပေါ့၊ မီးက ဘာလို့ ဒီနေ့မှာ ထူးထူးခြားခြား အိပ်မပျော်ရတာလဲ ...။

"ကျွီ"

လေမတိုက်ဘဲ တံခါးတစ်ချပ်က မြည်လာသဖြင့် ရုတ်တရက် လှည့်ကြည့်လိုက်သည် ၊ ခြေသံသဲ့သဲ့ ကြားရသလိုပင်။

"ဟင် ... ဘယ်သူလဲ"

ရုတ်တရက် အသံထွက်၍ မေးမိလိုက်၏။

အပြင်ဘက်မှ ခြေသံသဲ့သဲ့ ကြားရသဖြင့် ကပျာကယာ အပြင်ထွက်ကာ မီးဖွင့်ကြည့်လိုက်သည် ။ ဘာမှ မတွေ့ရ။ လင်းထိန်နေသော လမ်းမီးရောင်အောက်တွင် ပကတိငြိမ်သက်လျက်။ နံဘေးကကပ်လျက်အခန်းတွင် ဖေကြီးရဲ့ အိပ်ခန်းဖြစ်ပြီး မျက်နှာချင်းဆိုင်အခန်းကတော့ ဘိုး

ဘိုးနဲ့ ဘွားဘွားအိပ်ခန်းပြီးတော့ ဘုရားခန်း၊ အိပ်ခန်းများ ၏ မျက်နှာချင်းဆိုင်မှာ ခြောက်ပေသာသာကျယ်တဲ့ လူသွားလမ်း၊ ရေချိုးခန်း၊ အဲဒီအခန်းဘေးမှာ ဒေါ်ကြီးစိန်အိပ်ခန်း။

"ဟင်"

မီးချောင်းအလင်းရောင်အောက်မှာ ရေစိုနေသော ရေကွက်တစ်ကွက်တွေ့လိုက်ရသည် ။

"ဟင် မိုးယိုတာလား"

မျက်နှာကြက်ပေါ်မော့ကြည့်တော့ ပကတိအဖြူရောင်မှာ မိုးရေကွက်ပင် မမြင်ရပေ။ လှေကားရှေ့မှာ ရေစိုအကွက်တစ်ခု ...။

"ဒါဘာလဲ ဘယ်ကရေစိုလဲ"

စေ့ပိတ်ထားသော ဖေကြီး၏ အိပ်ခန်းတံခါးရှေ့မှာ ရေစိုကွက်ရှိနေတာ တော်တော်အံ့ဩစရာပဲ၊ ဖေကြီးရဲ့ အိပ်ခန်းထဲမှာ များ မိုးယိုနေတာလား ...

"ကလစ်"

တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်လိုက်၍ ရုတ်တရက် တံခါးပွင့်သွားပြီး ... တစ်စုံတစ်ဦးရှိနေသလို လှုပ်ရှားသံတစ်ခုကို ကြားလိုက်ရ၏။

"ကျွီ"

ဘီဒိုဖွင့်သံ ... ဖျန်းခနဲ ကြက်သီးထသွားသည် ။

တစ်ကိုယ်လုံး ကျင်သွားသလိုပင်။ မှောင်မည်းမည်း အိပ်ခန်းထဲမှာ လူတစ်ယောက်ယောက် ရောက်နေတာ အသေအချာပါပဲ။

"သူခိုး"

ရုတ်တရက် ရင်ထဲမှ အော်သံမြည်ဟီးသွားပြီး တံခါးကို ဆောင့်ပိတ်လိုက်၏။ "ဝုန်း ..." ဆိုသော ကျယ်လောင်စွာမြည်ဟီးသွားသည့် တံခါးပိတ်သံနှင့်အတူ ကြောက်စိတ်များကြောင့် တံခါးမှ အလျင်အမြန်ဖယ်ခွာလိုက်ပြီး ...

"ဒေါ်ကြီးစိန် ဒေါ်ကြီးစိန်"

မိုးသံလေသံကြားမှာ အစွမ်းကုန်အော်ဟစ်၍ ဒေါ်ကြီးစိန်၏ အိပ်ခန်းရှေ့သို့ ဘယ်လိုဘယ်ပုံ ရောက်လာခဲ့သည် ။ မသိလိုက်ပေ။

တံခါးစေ့ရုံစေ့ထားသော ကြီးစိန်၏ အိပ်ခန်းထဲ အော်ဟစ်ကာရောက် လာပြီး ခြင်ထောင်ကိုဆွဲလှန်၍ ကိုင်လှုပ်ကာ နှိုးလိုက်သည် ။

"ဒေါ်ကြီးစိန် ဒေါ်ကြီးစိန် လူ ... လူ ...လူ"

"ဟဲ့ ... ဟဲ့ ... အောင်မလေး ဘယ်မှာ လဲ"

ဒေါ်ကြီးစိန်က အိပ်ရာမှာ ငေါက်ခနဲထထိုင်ကာ အလန့်တကြား အော်ဟစ်လိုက်သည် ။

"အိမ်ထဲမှာ လူဝင်နေတယ် ဒေါ်ကြီးစိန်၊ လူ ... လူ ဝင်နေတယ်"

"ဘယ်မှာ လဲ ဘယ်မှာ လဲ ဟုတ်ရဲ့ လား၊ ငါ သေသေချာချာ တံခါးပိတ်ထားပါတယ်အေ၊ အပြင်မထွက်နဲ့ တို့ နှစ်ယောက်ထဲရှိတာ သတ်သွားမယ်"

အိပ်ချင်မူးတူးနှင့် ကြောက်လန့်တကြားထကာ သူ၏ အိပ်ခန်းတံခါးကို ပိတ်လိုက်ပြီး အတွင်းမှ ချက်ချထားလိုက်သည် ။

"ဟင် ... ဘာလို့ လဲ သွားကြည့်လေ သူခိုးဖြစ်နေလိမ့်မယ်"

"သမီး သေသေချာချာ မြင်လို့ လားကွယ်၊ ဘယ်မှာ မြင်တာလဲ ဘာလုပ်နေလဲ ဘာတွေခိုးနေတာလဲ"

"မသိဘူး ခြေသံကြားလို့ ထကြည့်ပြီး မီးဖွင့်ကြည့်တော့ ဖေကြီးအိပ်ခ န ်း၀ ရေ႕႕မ႕၂ ရေကွက်ကြီးတွေ့တာနဲ့ မိုးယိုတာလားဆိုပြီး အပေါ်မော့ကြည့်တာ ဘာမှ မတွေ့ရဘူး၊ ဒါနဲ့ အိပ်ခန်းတံခါးကို ဖွင့်ကြည့်တော့ ဘီဒိုဖွင့်ကြည့်လမသိဘူး ခြေသံကြားလို့ ထကြည့်ပြီး မီးဖွင့်ကြည့်တော့ ဖေကြီးအိပ်ခန်း၀ရှေ့မှာ ရေကွက်ကြီးတွေ့တာနဲ့ မိုးယိုတာလားဆိုပြီး အပေါ်မော့ကြည့်တာ ဘာမှ မတွေ့ရဘူး၊ ဒါနဲ့ အိပ်ခန်းတံခါးကို ဖွင့်ကြည့်တော့ ဘီဒိုဖွင့်ကြည့်သလိုပဲ၊ လူသံကြားလို့ မီးလည်း တံခါးပိတ်ပြီးပြေးထွက်လာတာ"

"ဘုရား ဘုရား ..."

"လာပါ သွားကြည့်ရအောင် သနပ်ခါးတုံးနဲ့ ကောက်ထုတာပေါ့"

ဒေါ်ကြီးစိန် အိပ်ခန်းအတွင်း၌ ကြီးကြီးမားမား လက်နက်ကို ရှာဖွေသော်လည်း မတွေ့ရပေ။ မုံရွာသနပ်ခါးတုံး ကြီးကြီးကိုသာ တွေ့လိုက်ရသဖြင့် ကောက်ကိုင်၍ ပြောလိုက်ရာ ဒေါ်ကြီးစိန်က ကပျာကယာ လှမ်း၍ ဆွဲလိုက်ပြီး ဖက်ထားလိုက်၏။

"နေပါစေ သမီးလေးရယ်၊ ပစ္စည်းဥစ္စာဆိုတာ လူကရှာဖွေရင်ရပါတယ်၊ လူကအရေးကြီးပါတယ် မီးလေးရယ် ကဲ ကဲ ယူပါစေကွယ်၊ ဒေါ်ကြီးစိန်နဲ့ ပဲ အိပ်တော့နော် မီးလေး"

"ဟင့်အင်း မအိပ်တတ်ပါဘူး၊ ဒေါ်ကြီးစိန် မလိုက်ချင်နေ မီးဘာသာထွက်ကြည့်မယ်"

"အော် အကြောက်တရားမရှိတဲ့ ကလေးမရယ် ခဏနေပါဦးကွယ်၊

သူ့မှာ လက်နက်တွေဘာတွေပါရင် ဒုက္ခပေါ့ကွယ်။ ဒီအိမ်မှာ တို့ နှစ်ယောက်ပဲရှိတာ၊ မရဲနေစမ်းပါနဲ့ ကွယ်။ လူ့အသက်ထက် ဘယ်ဟာမှ တန်ဖိုးမရှိပါဘူး ယူသွားပါစေ သမီးလေးရယ်၊ သမီးသာ ဒီအခန်းထဲမှာ နေပါကွယ်"

ဒေါ်ကြီးစိန်က ချော့မော့၍ ပြောကာ ခြင်ထောင်များ တင်လိုက်ပြီး အိပ်ခန်းကျဉ်းလေးထဲမှာ အတူထိုင်ရင်းက အပြင်ဘက်ကအသံကို ငြိမ်သက်စွာ နားစွင့်လိုက်၏။ တဝုန်းဝုန်းတဒိုင်းဒိုင်းနှင့် ဒေါသတကြီးဖြစ်နေသော မိုးမင်းကြောင့်ပင် တခြား ဘာသံမျှ မကြားရတော့ပေ။

"ဒီလိုပဲ .. မိုးရွာရင် ဘာသံမှ မကြားရတော့ သူခိုးသူဝှက်တွေအတွက် အခွင့်အကောင်းတစ်ခုပဲ

"မီးတော့ ကိုယ့်ကိုယ်ကို ယောက်ျားလေးဖြစ်ချင်တယ်၊ ဒါမှ သူသေကိုယ်သေ ပြန်တီးလို့ ရမှာ "

မကျေမနပ်စိတ်နှင့် ရေရွတ်လိုက်ရင်းက အပြင်ဘက်ထွက်ကြည့်ချင်နေသည် ။ သို့ရာတွင် စောစောက လန့်သွားသော အရှိန်ကြောင့် မသွားရဲဘဲ ဒေါ်ကြီးစိန်စကားကိုသာ နားထောင်လိုက်သည် ။ စိတ်ကတော့ အပြင်ဘက်ရောက်နေ၏။

"ဒေါ်ကြီးစိန် ဘိုးဘိုးကြီးက မီးခံသေတ္တာသော့ကို ယူသွားတာပဲ သူခိုးက ဖွင့်တတ်မှာ လား"

"ဘယ်ဖွင့်တတ်မလဲ"

"ဒါဆို အပြင်မှာ ရှိတဲ့ ကက်ဆက်တို့ နာရီတို့ အဝတ်အစားတို့ တီဗွီတို့ ဗွီစီဒီတို့ ယူသွားမှာ ပဲနော်"

"ယူပစေ"

"ဘယ်ဖြစ်မလဲ ဒေါ်ကြီးစိန်ကလည်း မီးရဲ့ အိပ်ခန်း တံခါးကိုဖွင့်ထားတော့ မီးရဲ့ ပစ္စည်းတွေနဲ့ ဖေကြီးလက်ဆောင်ပေးထားတဲ့ ပင်ဒါဝက်ဝံရုပ်ကလေးကို ယူသွားရင် ဘယ့်နဲ့ လုပ်မလဲ"

"အော် ...ကလေးရယ်"

အပျိုဘော်ဝင်စအရွယ်ဖြစ်ပြီး ကလေးအတွေးသာရှိသေးသော ကလေးမလေး၏ စကားကြောင့် ဒေါ်ကြီးစိန်မှာ ငိုအားထက်ရယ်အားသန်ဖြစ်ပြီး စိတ်ရှုပ်ထွေးစွာဖြင့် ပြုံးလိုက်မိသည် ။

"နော် ဒေါ်ကြီးစိန် မီးရဲ့ အရုပ်ကလေးကိုတော့ မီးဘာသာသွားယူမယ်နော် ... နော်"

"ဟဲ့ ...ဟဲ့... ကလေး"

ပြောပြောဆိုဆိုနှင့် လှစ်ခနဲ ထပြေးသွားသော သမင်ပျိုမလေးအားအသက်ကလေးဆယ်ကျော် ဝဝဖိုင့်ဖိုင့် ဒေါ်ကြီးစိန်မှာ ဖမ်း၍ မမိလိုက်ပေ။ တံခါးဖွင့်၍ ပြေးထွက်သွားလေပြီ။

ဒေါ်ကြီးစိန် အခက်တွေ့သွားပြီး ရုတ်တရက် မထရဲအောင် ဖြစ်သွား၏။ ကိုယ့်လက်ပေါ်မှာ ကြီး လာပြီး ကိုယ်ကိုယ်တိုင်ပြုစုလာရသော မိန်းကလေးမို့ တစ်ခုခုဖြစ်လျှင် ကိုယ့်တာဝန်ဖြစ်သည် ။ ကြောက်လည်းကြောက်မို့ နောက်ဆုံး အဝတ်ခြင်းထဲမှ အဝတ်ညှပ်ကတ်ကြေးကိုယူကာ အရဲစွန့်၍ ထွက်လာလိုက်၏။

"ဟင် ..."

ဒေါ်ကြီးစိန် ချီတုံချတုံနှင့် လက်နက်ရှားနေချိန်တွင် ကြည်နူးက သူ့အိပ်ရာပေါ်မှ ဝက်ဝံရုပ်ကလေးကို ယူ လာပြီး အိပ်ခန်းအပြင်ကို ချောင်းကြည့်နေသည် နှင့် သွားဆုံကာ ကောင်မလေး

လက်ယပ်ခေါ်သံကြောင့် ကပျာကယာ ပြေးသွားလိုက်၏။

"မရှိတော့ဘူး"

"ဟုတ်လို့ လား"

ဒေါ်ကြီးစိန်က ကောင်မလေးကို အိပ်ခန်းထဲပြန်တွန်းကာ တံခါးပိတ်လိုက်၏။

မိုးမင်း၏ ဒေါသမှာ အနည်းငယ်ပြေပျောက်သွားတာလား၊ မောသွားတာလား မသိပေ။ ဖွဲဖွဲလေးသာရွာတော့သည် ။

"တွေ့လား ဘာသံမှ မကြားရတော့ဘူး"

"လူဝင်တာရော ဟုတ်လို့ လား သမီးရယ်"

ဒေါ်ကြီးစိန်က အသံကိုနားစွင့်ရင်း မသင်္ကာသလိုလို မေးလိုက်၏။

"ဟုတ်တာမှ သိပ်ဟုတ် အခန်းရှေ့မှာ ရေစိုကွက်ကြီးတောင်ရှိသေးတယ် ဒီမှာ ကြည့် ..."

"ဟဲ့ ... ဟဲ့"

စိတ်မြန်လက်မြန်ရှိလွန်းလှသော ကောင်မလေးမို့ ဆန်ခနဲထကာ တံခါးကိုပြေးဖွင့်ပြီး တစ်ဖက်ခန်းကို လှမ်းကြည့်လိုက်ရာ ...

"ဟောတော်"

ကောင်မလေး မျက်လုံးအစုံမှာ ပြူးကျယ်သွားတော့သည် ။ အိပ်ခန်းရှေ့မှ ဘာရေကွက်မှ မရှိတော့ပေ။

***

အိပ်မပျော်သောညများ ဆက်တိုက်ဖြစ်သွားသဖြင့် သူ၏ တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်ကာ ခေါင်းများ နောက်ကျိုလျက်ရှိသည် ။ သို့ရာတွင် ဘယ်လိုမှ အိပ်မရသောကြောင့် ဝရံတာထွက်ပြီး လေရှူကာ လွင့်မျောလျက်ရှိနေသောစိတ်ကို ပြန်လည်စုစည်းလိုက်သည် ။

စိတ်ကို ဒီအတိုင်းထား၍ မဖြစ်နိုင်တော့။ စိတ်တို့ က ပျံ့လွင့်ကာ သားထံသို့ မကြာခဏရောက်နေသည် မှာ ဘယ်လိုမှ မထင်မှတ်သည့် အချိန်ကလေးအတွင်းမှာ ပင် ...။

သား ... မွေးလာတော့ အားအင်ပြည့်ဖြိုးကာ ကျေနပ်ပီတိဖြစ်ခြင်းက တစ်ကိုယ်လုံးကို ကြက်သီးထလျက် ကြည်နူးမှုလှိုင်းလေးများ တသိမ့်သိမ့်ရိုက်ခတ်လို့ ...

သားဟာ အားပါပဲ၊ ကျားဖြစ်သွားသည့်အချိန်ကတည်းက ထိန်းထားသင့်ပါလျက် ဘာလို့ များ အလိုလိုက်ခဲ့မိပါလိမ့်။

ကိုယ့်အမှား အမှားများ စွာတို့ က ချိတ်နှင့်ချိတ်လိုက်သလို ဆက်တိုက်မှားလာခဲ့သည် ။ ချစ်ခဲ့တာလား နှစ်ခဲ့တာလားဆိုတာကို သေသေချာချာခွဲခြား၍ မသိခဲ့ပေ။ သူသိလိုက်သော အချိန်တွင် အားလုံးလွန်သွားခဲ့ပြီ ဖြစ်ပေသည် ။

ဝရံတာမှ လေနုအေးက သူ့အားအိပ်ချင်လာအောင် အတွေးများ လွင့်ပျံ့၍ မသွားအောင် မဆွဲဆောင်နိုင်ခဲ့ပေ။

ထို့ကြောင့် အိပ်ခန်းထဲပြန်ဝင် လာပြီး ခြင်ထောင်အတွင်း၌ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော သားတို့ အမေကို တစ်ချက်လှမ်းကြည့်လိုက်သည် ။

"အစ်ကို အိပ်ဆေးသောက်အိပ်ပါလား"

"ရပါတယ် ... မင်းရော အိပ်ဆေးတွေသောက်အိပ်နေတာပဲလား"

မအိပ်မီ နွားနို့တစ်ခွက်လာပို့ကာ သတိပေးလိုက်သော သားရဲ့ အမေ ခင်ဆွေဝင်းရဲ့ မျက်နှာက ပကတိကြည်လင်နေ၏။

"ဟင့်အင်း ခင်က အိပ်ဆေးဘယ်တော့မှ မသောက်ပါဘူး"

"အိပ်ဖြစ်တယ်ပေါ့"

နည်းနည်းအံ့အားသင့်သော လေသံနှင့် မေးလိုက်မိသည် ။ တစ်နေ့ ကပင် မျက်ရည်ကျကာ ပူဆွေးသောကရောက်ခဲ့သော မိခင်တစ်ဦးက အိပ်ဆေးမသောက်ဘဲ အိပ်ပျော်သည် မှာ ယုံနိုင်စရာမရှိပေ။

"အဲဒါကြောင့် တို့ ကို တရားထိုင်စေချင်တာပေါ့၊ လောကဓံဆိုတာကို ခံနိုင်ရည်ရှိအောင်လို့ လေ၊ ဖြစ်ပျက်သွားတဲ့ အကြောင်းအရာတစ်ခုအ တွက်ကို ပြန်စဥ်းစားကြည့်ရင် အပျက်ဟာ အကောင်းဖြစ်သွားမတဲ့ လား အစ်ကိုရယ်၊ အတိတ်ကိုလည်း ပြန်မကြည့်နဲ့ ၊ အနာဂတ်ကိုလည်း မျှော်မကြည့်နဲ့ ၊ ပစ္စုပ္ပန်တည့်တည့်ကိုပဲ ရှုမှတ်ကြည့်ပါ၊ ငြိမ်းအေးတဲ့ သန္တိသုခကို ရယူနိုင်မှာ ပဲလေ"

ဘာမျှပြန်မပြောချင်တော့၊ နည်းနည်းတော့ သူ၏ တရားကို စိတ်ဝင် စားစွာ အားကျမိသည် ။

ဒေါ်ခင်ဆွေဝင်း ဒီလိုတည်ငြိမ် အေးချမ်းအောင် ကြိုးစားအားထုတ် နေသည် မှာ နှစ်နှစ်ကျော်သွားလေပြီ။ ဆေးပင်စင်ယူကာ တရားရိပ်သာ သို့ တစ်လလျှင် တစ်ပတ်ဝင်၍ အားထုတ်လေ့ရှိသည် ။ လတိုင်း လတိုင်း နောက်ဆုံးအပတ်ဆို တရားစခန်းဝင်လေ့ရှိသည် ။ တစ်ခါတစ် ရံ ဝါတွင်းသုံးလလုံးလုံး ဥပုသ်ရက်ရှည်ဝင်သည် အထိ တရားအားထုတ်

ခဲ့ဖူးသည် ။

ချစ်ဇနီးကို ဒီတစ်ခါတော့ ချီးကျူးအားကျမိခဲ့သည် ။

ကြည့်ပါလား ဘာမှ မဖြစ်တဲ့ အတိုင်းပဲ။ မိခင်တစ်ယောက်ဖြစ်ပြီး သားသမီးအပူမီးကို မပူလောင်တဲ့ အတိုင်းပါပဲလား နှစ်နှစ်ခြိုက်ခြိုက်အိပ်လို့ ပဲ ...

အိပ်ခန်းအပြင်ဘက်ထွက်သွားတော့ မျက်နှာချင်းဆိုင်မြေးအခန်းက မီးလောင်လျက် ရှိနေသည် ။

ရုတ်တရက် ရင်ထဲထိတ်သွား၏။ အသက်ဆယ့်လေးနှစ်ကျော်ကျော် ကလေးတစ်ဦး နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျရမယ့် သန်းခေါင်ကျော်အချိန်ပဲမဟုတ်လား။

ဘာမှ မစဉ်းစားတော့ဘဲ တံခါးကို တိုးဖွဖွခေါက်လိုက်သည် ။ လက်ညှိုးကွေးပြီး ခေါက်သံ။ အဘိုးတစ်ဦး၏ အချက်ပေးခေါက်သံဖြစ်ကြောင်း မြေးလေး နားလည်ပြီး ရုတ်တရက် မထိတ်လန့်စေရန်ဖြစ်သည် ။

တံခါးခေါက်သံ သုံးချက်ပေးပြီး တံခါးဘုလေးကို ဖွင့်လိုက်သောအခါ ထိတ်လန့်တုန်လှုပ်စွာဖြင့် မိမိအား ပြူးကြည့်နေသော မြေးမလေးကို တွေ့လိုက်ရသည် ။

စာရေးစားပွဲမှာ ထိုင်ကာ စာရေးနေခြင်းဖြစ်သည် ။

"မအိပ်သေးဘူးလား"

"ဘိုးဘိုး တကယ်ပဲနော်"

ကယောင်ကတန်း ပြောလိုက်သောစကားသံကို မနှစ်ခြိုက်စွာဖြင့် မြေးလေးနားကပ်လာကာ ခေါင်းကို ဖွဖွလေးပွတ်သပ်ရင်းက ...

"သမီး မအိပ်သေးဘူးလား"

မြေးလေးက ခေါင်းရမ်းကာ မိမိအား အပြစ်တင်သော မျက်လုံးများဖြင့် စူးစူးစိုက်စိုက်ကြည့်ရင်းက ...

"ဘိုးဘိုး တစ်ကယ်ပဲမေ့သွားပြီလား"

"ဘာကိုလဲ"

"ဒီနေ့ဟာ ဖေကြီးမွေးနေ့လေ"

"ဟင် ... ဟုတ်ပါရဲ့ "

အလန့်တကြားအော်လိုက်ရင်း မေ့နေဟန်ဆောင်လိုက်သည် ။ မြေးလေးဟာ သူ့အဖေမွေးနေ့ကို မှတ်မှတ်ရရဖြစ်ပြီး ဆိတ်ငြိမ်နေသော အိမ်သားများ ၏ အခြေအနေအတွက်ကို အံ့အားသင့်နေခြင်းဖြစ်သည် ။

"မီးက မနေ့က အခန်းထဲမှာ ရက်စွဲတပ်တည်းက ဒီနေ့ကိုသိနေတာ၊ ခါတိုင်းလို တစ်ခုခုလုပ်မယ်ထင်နေလို့ စောင့်ကြည့်နေတာ ဘာမှ လည်းမလုပ်ဘူး"

နေ့လယ်ကပင် မြေးကျောင်းသွားချိန်မှာ ဘုန်းကြီးငါးပါးပင့်ပြီး တရားနာပြီးတာကို မြေးလေးမသိလိုက်ပေ။

"ဘိုး နေ့လယ်က ရှုံးသွားတယ်လေ၊ အလုပ်တွေများ နေလို့ သတိမထားမိဘူး၊ ဘွားဘွားတော့ ဘုန်းကြီးကျောင်းကို ဆွမ်းပို့ဖြစ်တယ်ထင်တယ်၊ မနက်ကျမှ မေးကြည့်တာပေါ့၊ ကဲ ... ညဉ့်နက်ပြီ အိပ်တော့လေ"

ဆင်ခြေနှင့် ခန့်မှန်းစကားကို အဘိုး၏ မြေးဖြစ်သူက လက်ခံချင်ပုံ ကျေနပ်ပုံမရ။

"ဖေကြီးဆီကို စာရေးနေတာပါ၊ ဒီစာကိုတော့ ပို့ပေးပါ ဘိုးဘိုးရယ်၊

ပြီးတော့ ဖေကြီးအတွက် မွေးနေ့လက်ဆောင်ကိုပါ ယူသွားပေးပါဦး နော်၊ လူမကြုံလည်း စာတိုက်ကနေ ပို့ပေးပါ ဘိုးဘိုးရယ် ကျေးဇူးပြုပြီး တော့:

နာကျင်စွာ ပြုံးရယ်ရန် ကြိုးစားလိုက်ရင်းက မြေး၏ ခေါင်းကို ဖွဖွ လေးပွတ်ကာ ...

"အင်း အင်း မနက်ဖြန်ကျောင်းပိတ်တာပဲ မနက်မှ ဆက်ရေးလေ အိပ်တော့"

"ပြီးခါနီးပါပြီ"

အလွန်ခေါင်းမာသော မိန်းကလေးက အဖေတူသမီးပီသစွာပင် လူကြီးပြောစကားကို အလွယ်တကူလက်မခံတတ်ဘဲ သူ၏ ဆန္ဒကိုသာ ဦးစားပေးကာ ရအောင်ဇွတ်လုပ်တတ်သည် ။

"ဒီနေ့ ဖေကြီးအသက် သုံးဆယ့်ခြောက်နှစ်ပြည့်ပြီပဲ ဘိုးဘိုးရယ် ..."

သုံးဆယ့်ခြောက်နှစ်တိုင်အောင် ဆန်ကုန်မြေလေးဖြစ်ခဲ့သော၊ မိသားစုအတွက်ရော လောကအတွက်ပါ ဘာမှ အသုံးမဝင်ခဲ့သော လူမိုက်တစ်ဦးဟာ လူငယ်များကို လမ်းပြသွန်သင်ဆုံးမခဲ့သော ဆေးတက္ကသိုလ်မှ ပါရဂူဘွဲ့ရ မဟာပညာကျော်ကြီးဟု အများက သတ်မှတ်ခံခဲ့ရသော ပါမောက္ခ ဦးစိုးလွင်ရဲ့ သားတစ်ယောက်လို့ ဘယ်သူက ယုံကြမှာလဲ ...

"ဘိုးဘိုး သွားအိပ်တော့လေ၊ မီး ဒီစာကို အပြီးသတ်ပြီးရင် အိပ်တော့မယ်"

"အေး ... အေး"

စောစောက စာကြည့်ခန်းထဲသွားကာ စာဖတ်မည် ဟူသော အတွေး

များ မရှိတော့ဘဲ အိပ်ခန်းထဲပြန်ဝင်ကာ ဝရံတာမှာ ရပ်ပြီး သားအကြောင်းကိုပဲ တွေးနေရလျှင် ပိုကောင်းမည်။

"သုံးဆယ့်ခြောက်နှစ်ရှိပြီးမှ ပဲ သားရယ်"

***

"ဖေကြီး ... ဖေကြီး ပြန်လာပါ ဖေကြီးရေ"

ရုတ်တရက် စူးစူးဝါးဝါးအော်လိုက်သော အသံကြောင့် ဦးစိုးလွင်ရော ဒေါ်ခင်ဆွေဝင်းရော ဒေါ်ကြီးစိန်ပါ ကြည်နူး၏ အိပ်ခန်းထဲသို့ ကမူးရှူးထိုးပြေးဝင်လာခဲ့သည် ။

အိပ်ခန်းတံခါးကို စေ့ပိတ်ထားသည် မို့ အလွယ်တကူ ဝင်ကာ အိပ်ရာထက်မှာ ငိုနေသော ကောင်မလေးကို ထွေးပွေ့လိုက်၏။ ဒေါ်ကြီးစိန်က မီးခလုတ်ကို ဖွင့်လိုက်သည် ။

"ဘွားဘွားရေ ဖေကြီးလာတယ် ခုတင်ခြေရင်းမှာ လာရပ်တယ်၊ မီးကိုမခေါ်ဘဲ ထွက်သွားတယ်၊ မီး လိုက်ခေါ်တာ လှည့်မကြည့်ဘူး ဟီး ဟီး ..."

"အော် ... ကလေးက အိပ်မက်ဆိုးတွေ မက်နေပြန်ပြီကွယ်၊ ဘိုးရေ ကလေးကို ဆေးတိုက်ပါဦးကွယ်၊ မစိန်က အိုဗာတင်းဖျော်"

အစဉ်အမြဲ အေးဆေးတည်ငြိမ်တတ်သော ဒေါ်ခင်ဆွေဝင်းက စီမံကာ တာဝန်များ ခွဲဝေပေးပြီး စေလွှတ်လိုက်၏။

"ငါ့မြေးလေး နူးက စာမေးပွဲအတွက် စိုးရိမ်ပြီး စာတွေ သိပ်ကျက်တာကိုး၊ မစိုးရိမ်ပါနဲ့ မြေးရယ် ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါကွယ်"

" မဟုတ်ဘူး ဘွား ဖေကြီးအကြောင်း အိပ်မက်မက်သလို မဟုတ်ဘူး ၊ တကယ်လာသလိုပဲ၊ ဖေကြီး နေကောင်းရဲ့ လား၊ ဖေကြီးဆီက စာမလာတာကြာနေပြီ ဖေကြီး တစ်ခုခုများ ဖြစ်နေလား"

"ကြဲကြဲဖန်ဖန် ငါ့မြေးရယ်၊ မွေးနေ့တုန်းက ပစ္စည်းပို့တာ လက်ခံရရှိကြောင်း ဖက်စ်ပြန်လာတာပဲ၊ အရေးကြီးတာက နူးက ပြည့်ပြည့်ဝဝ အိပ်စက်မယ်ဆိုရင် အိပ်မက်ဆိုးတွေ မက်တော့မှာ မဟုတ်ဘူး "

တည်ငြိမ်စွာပြောလိုက်သော အဘွားစကားကြောင့် မေကြည်နူးဦး ေးငိုင်တွေဝေသွားသည် ။

"ဖေကြီးကို အဘွားက မွေးထားတာပဲနော်၊ အဘွားက ဖေကြီးကို သိပ်ချစ်တာပဲ၊ ဖေကြီးတစ်ခုခုဖြစ်ရင် အဘွား ဘယ်နေလို့ ရမှာ လဲနော်"

"အေးပေါ့ ကလေးရယ် မွေးထုတ်ထားရတဲ့ အမေက အထိခိုက်ဆုံးပဲပေါ့။ ဆန်နီက ကောင်းကောင်း နေရမှာ ပါကွယ်"

မုသားမပါ လက်ာမချော ပြောလိုက်သည့် ဒေါ်ကြီးစိန်ထံမှ အိုဗာတင်းနွေးနွေးကို ရသော်လည်း ဦးစိုးလွင်ထံမှ ဆေးကိုမရသေးပေ။ သေချာတာတစ်ခုကတော့ သားလာတယ်ဟု ပြော၍ သားရဲ့ အရိပ်ကို ရှာဖွေရင်း ကြိတ်၍ ငိုရှိုက်နေမည် ဖြစ်သည် ။

"မစိန် ကလေးကို အိုဗာတင်းတိုက်လိုက်ဦး၊ ပြီးရင် ချွေးတွေရွဲနေတဲ့ အင်္ကျီကို လဲပေးလိုက်၊ဆရာကြီး ဆေးပျောက်နေပြီထင်တယ် သွားကြည့်လိုက်ဦးမယ်"

တကယ်တော့ ဘယ်ပစ္စည်း ဘယ်ဆေးမှ မပျောက်တတ်၊ မမေ့တတ်ဘဲ သေချာတိကျတတ်သော ခင်ပွန်းအတွက် စိတ်ပူစရာ မလိုပေ။ မငိုအောင် အားပေးရမည်သာ ဖြစ်သည် ။

မြေးကို ဆက်၍ မဖုံးကွယ်ထားဘဲနှင့် အမှန်တရားကို ရင်ဆိုင်လိုသော်လည်း ဆရာကြီးဦးစိုးလွင်က အရာရာကို ဆုံးဖြတ်နားလည်ပြီး အနည်းငယ်ရင့်ကျက်ကာ တည်ငြိမ်လာသည့် အရွယ်မှ ဖွင့်ပြောရန် ဆုံးဖြ

တ်ထားခြင်းဖြစ်သည် ။

ယခုအချိန် နုနယ်သောအရွယ်မှာ မပြောချင်သေးပေ။

"ဒေါ်ကြီးစိန် ဒေါ်လေးကြည်ဖြူလွင်က ချောလားဟင်"

"ဟဲ့ ... ညကြီး ဘာတွေပြောနေတာလဲ သောက် သောက်"

ဒေါ်ကြီးစိန် ဖြန်းခနဲ ကြက်သီးထကာ မလုံမလဲနှင့် နောက်ကျောကို မျက်လုံးဝေ့ပြီး ကြည်နူးနားသို့ အိုဗာတင်းတိုက်သလိုလိုနှင့် တိုးကပ်သွားသည် ။

"ဒေါ်လေးက မီးနဲ့ တူတယ်ဆို"

"အင်း ... သိပ်တူတာပဲ အမြွာညီအစ်မလိုပဲ"

"မီးကို ဒေါ်လေးဝင်စားတာလို့ ပြောကြတယ်နော်"

"ဟဲ့ တောက်တီးတောက်တဲ့ ဘယ်သူကပြောလို့ လဲ"

ဒေါ်ကြီးစိန် ကျောထဲစိမ့်ကာ နောက်သို့လှည့်ကြည့်ရာမှ ကြည်နူးကို ပြန်ကြည့်လိုက်မိသည် ။ ကြည်နူးကို ကြည့်နေရင်း ကြည်ဖြူလွင်ကို မြင် လိုက်သလိုမို့ ကြက်သီးဖြန်းခနဲ ထသွားပြီး ခေါင်းကြီးသွား၏။

"ဘုရား ... ဘုရား ... ဘုရား ..."

"ဒေါ်ကြီးစိန်ပဲ ပြောတာပဲ၊ နူးက ဒေါ်လေးဝင်စားတာဆို"

"ဟာ ... မဟုတ်ဘူး မဟုတ်ဘူး ၊ ညကြီး မပြောနဲ့ ရော့ ရော့ သော က်တော့ အီး ... အီးပါချင် လာပြီ"

ကြည်နူးလက်ထဲသို့ အိုဗာတင်းပန်းကန်ထိုးထည့်ကာ ပြေးထွက်သွားတော့သည် ။ အမှန်တကယ်ပင် ဝမ်းသွားချင်သလိုဖြစ် ကာ ကမန်းကတန်း ထထွက်လာခြင်းဖြစ်သည် ။

ကြောက်တာကများ နေ၍ ဝမ်းသွားချင်ခြင်းဖြစ်သည် ။

ဒေါ်ခင်ဆွေဝင်းက ဆေးပုလင်းကိုင်ကာ ဝင်လာခဲ့၏။

"ဘိုးဘိုးက အီးပါနေတယ်လေ၊ ဟင် မစိန်ရော"

"အီးပါချင်လို့ ဆိုပြီး ထွက်သွားတယ်"

"တော် … မစိန်ကတော့လေ"

အနည်းငယ်ကျပ်မပြည့်သော ပေါချာချာမစိန်သည် ငယ်မွေးခြံပေါက်မို့ သနားစရာကောင်းသလို စိတ်လည်း ပျက်စရာ ကောင်းလွန်းသည် ။ သို့ရာတွင် အိမ်လုံပြီး သစ္စာရှိ၍ အသက်ထက်ဆုံး သားသမီးသဖွယ် စောင့်ရှောက်သွားရန်ပင် ဖြစ်သည် ။

"မြေး … အိုဗာတင်းကို ကုန်အောင်သောက်ပြီးရင် ဒီဆေးသောက်ပြီး အိပ်လိုက်နော်၊ ဘွားဘွား အနားမှာ အိပ်ပေးမယ်၊ မီး အိပ်ပျော်အောင် ဘုရားစာဆိုပေးမယ်"

ဘာမျှမပြောဘဲ အိုဗာတင်းနွေးနွေးကို သောက်ရင်းက ကုန်ခါနီးတွင် အဘွားပေးသော ဆေးလုံးအဝါသေးတစ်လုံး ကို သောက်လိုက်၏။

အဘိုးက အနားရောက်လာ၏။

"မြေးအဘွားနှစ်ယောက်အိပ်ရင် ခုတင်ကျဉ်းနေမှာ ပေါ့၊ ဘိုးတို့ အိပ်ခန်းထဲမှာ မြေးအဘွားနှစ်ယောက်အိပ်လေ ဘိုးက မြေးခုတင်မှာ အိပ်မယ်"

သားရဲ့ ပုံရိပ်ကို မြင်ချင်၍ သမီးအခန်းထဲလာသည် ဆိုသော သားကို တွေ့ချင်နေသည် ။ သို့ရာတွင် မြေးကခေါင်းရမ်းကာ …

"မဖြစ်ဘူး အဘိုးရယ် ဒေါ်လေးကြည်ဖြူလွင်က အဘိုးရှိရင် လာမှ

မဟုတ်ဘူး မီးဆီပဲလာမှာ "

"ဟဲ့ ... ဟဲ့"

"ဟင် ..."

အဘိုးနှင့်အဘွား မျက်လုံးပြူးသွားကြသည် ။ ဒေါ်စိန်လိုတော့ ဝမ်းသွားချင်လောက်အောင် မကြောက်သော်လည်း မြေးလေးကြည်နူးအတွက် စိုးရိမ်သွားမိသည် ။

"မြေးက ဘာတွေပြောနေတာလဲကွယ် ကြာခဲ့ပြီပဲ၊ ဆယ့်ငါးနှစ်လောက်ရှိပြီပဲ ဘယ်ကလာ"

"ဘွားကို မပြောမိဘူး၊ သူလာနေတာ သုံးခါရှိပြီ၊ ဖေကြီးနဲ့ အတူတူလာတာ"

ဦးစိုးလွင်၏ မျက်လုံးအစုံမှာ ပြူးကျယ်သွားတော့သည် ။ စိတ်ပညာအထူးယူခဲ့သလို စိတ်ရောဂါဆရာအဖြစ် ဆယ်နှစ်တာဝန်ထမ်းဆောင်ပြီးမှ ဆေးတက္ကသိုလ်မှာ စိတ်ပညာအကြောင်း သင်ခဲ့ဖူးသော ဆရာကြီးဟောင်းမှာ ဇောချွေးများပျံလာကာ မိမိကုသခဲ့ဖူးသော လူနာကိုကြည့်သံလိုမျိုး ကြည့်မိလိုက်သည် ။

ဒေါ်ခင်ဆွေဝင်းကတော့ ရုပ်ပျက်စီးပြီး နာမ်ကတော့ နောက်တစ်ဘဝမကူးသေးဘဲ ယခုဘဝမှာ ပင် သံယောဇဉ်တစ်မျှင်ကြောင့် ငြိတွယ်လျက်ရှိသော သား ဆန်နီစိုးလွင်အတွက် အမျှအတန်း ထပ်ဝေရဦးမည်။ လွတ်လပ်စွာ သွားလာခွင့်ရအောင် ထပ်မံ၍ လိပ်ပြာခွဲရဦးမည်ဟု တွေးကာ စိတ်မချမ်းမသာဖြစ်သွားသည် ။ ကြည်နူးကတော့ ပြတင်းပေါက်ကို ငေးကြည့်ကာ ...

"ဘိုးရယ် ဖေကြီးအသံမကြားရတာ တစ်နှစ်ရှိပြီ စကားလေးတစ်ခွန်းတော့ ပြောချင်တယ်၊ ဒေါ်ကြီးပြုံးကို ပြောပေးပါနော်"

"အင်း ... အင်း မနက်ကျရင် ဘိုးပြောပ့ါမယ်၊ ဒီတစ်ခါဆန်နီလာရင် ဖုန်းဆက်ပါလို့ "

"ဖေကြီးက စာလည်း အရေးကြဲတယ်နော်၊ မိန်းမတွေ့နေပြီထင်တယ်"

"အေး ... တွေ့တော့ကောင်းတာပေ့ါ မဟုတ်လား မြေးအဖေ အထီးမကျန်တော့ဘူးပေ့ါ"

"အင်းနော် ဖေကြီးအတွက်ကောင်းပေမယ့် မီးအတွက်တော့ မကောင်းဘူး၊ မေကြီးမှာ သားသမီးအသစ်နဲ့ ၊ ဖေကြီးမှာ လည်း သားသမီးအသစ်တွေနဲ့ ဆို မီးက တစ်ယောက်တည်း"

အဘိုးနှင့်အဘွားရဲ့ မျက်လုံးအစုံတို့ တွေ့ဆုံမိကာ ဘာပြောရမှန်းမသိ ဖြစ်သွား၏။ လွှတ်ခနဲပြောလိုက်မိသော အဘိုးက ကိုယ့်စကားနှင့်ကိုယ် ပြန်စူးကာ ရင်နာ၍ မျက်ရည်ဝဲရပြန်သည် ။

"ဘွားကတော့ မထင်ပါဘူးကွယ်၊ ဆန်နီက မိန်းမတွေကို စိတ်နာသွားပါပြီ၊ ငါ့မြေးကိုပဲ ချစ်တာပဲ၊ သူ့အတွက် ဒီလောကမှာ သမီးတစ်ယောက်တည်းရှိတာပဲလို့ ခဏခဏပြောဖူးတာပဲ မဟုတ်လား"

ဒေါ်ခင်ဆွေဝင်းစကားကြောင့် သူမမျက်လုံးလေး တလက်လက်တောက်ပသွားပြီး ပြတင်းပေါက်မှ တစ်ဆင့် ကြယ်များ နှင့် လင်းလက်လျက်ရှိသော ကောင်းကင်ပြာပြီးကို ငေးမျှော်ကြည့်ရင်းက မျက်တောင်လေးများ မှေးစင်းလာကာ ...

"ဒါဆိုလဲ သမီးကိုဘာလို့ အကြာကြီးတစ်ယောက်တည်း ထားရတာလဲဟင်"

"တစ်ယောက်တည်းမှ မဟုတ်တာ ဘိုးဘိုး ဘွားဘွားရှိတာပဲ"

"ဘိုးဘိုး ဘွားဘွားနဲ့ မြေးမလေးကြားမှာ အဖေအမေဆိုတဲ့ နံရံတစ်ချပ် လွတ်ဟာနေတာပဲလေ"

***